ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နေပြည်တော်

Delta Mate Myanmar Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်
အရှေ့ရွာ၊ အမှတ်(၉၉၈/က)၊ မြေကွက်အမှတ်(၇၊ ၂၁၊ ၂၂၊ ၂၃၊ ၂၈၊၂၉)၊ ဦးပိုင်အမှတ်(၁/က)ရှိ
မြေဧရိယာ(၅)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့်
အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသော
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အစီရင်ခံစာ၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate – ECC)

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၃၇၅ ) ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

(က) စီမံကိန်းအဆိုပြုသူ - Mr.Kim Won Sok
မန်နေးဂျင်းဒါရိုက်တာ

(ခ) ဆက်သွယ်ရန်လိပ်စာ - ဦးပိုင်အမှတ်(၁/က)၊ မြေကွက်အမှတ်(၇၊၂၁၊၂၂၊၂၃၊၂၈၊၂၉)၊ အမှတ်(၉၉၈/က)၊ ကလီထော်အရှေ့ရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
09-441212227,09-426216318
Deltamatemyanmar2023@gmail.com
Delta Mate Myanmar Co.,Ltd

(ဂ) စီမံကိန်းအမျိုးအစား - CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း

(ဃ) စီမံကိန်းကာလ - အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ

(င) စီမံကိန်း၏ အရွယ်အစား - (၅)ဧက

(စ) စီမံကိန်းတည်နေရာ - ဦးပိုင်အမှတ်(၁/က)၊ မြေကွက်အမှတ်(၇၊၂၁၊၂၂၊၂၃၊၂၈၊၂၉)၊ အမှတ်(၉၉၈/က)၊ ကလီထော်အရှေ့ရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဆ) ECC သက်တမ်း - (၅) နှစ်

စတင်ထုတ်ပေးရက် - ၂-၁၁-၂၀၂၂
သက်တမ်းကုန်ဆုံးရက် - ၁-၁၁-၂၀၂၇

(ဇ) အတည်ပြုအစီရင်ခံစာ - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၃၁-၈-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ နပတ/၁/၁/၃၀ (၁၀၄၈(ခ)/၂၀၂၂)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃၁.၈.၂၀၂၂

(လှမောင်သိန်း)

အမြဲတမ်းအတွင်းဝန်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ရွာ၊ အမှတ်(၉၉၈/က)၊ မြေကွက်အမှတ်(၇၊ ၂၁၊ ၂၂၊ ၂၃၊ ၂၈၊ ၂၉)၊ ဦးပိုင်အမှတ်(၁/က)တွင် Delta Mate Myanmar Co.,Ltd ၏ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ Delta Mate Myanmar Co.,Ltd ၏ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော် အရှေ့ရွာ၊ အမှတ်(၉၉၈/က)၊ မြေကွက်အမှတ်(၇၊ ၂၁၊ ၂၂၊ ၂၃၊ ၂၈၊ ၂၉)ရှိ မြေဧရိယာ(၅) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၃၁-၈-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ နပတ/၁/၁/၃၀(၁၀၄၈(ခ)/၂၀၂၂) ဖြင့်တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Kim Won Sok၊ မန်နေးဂျင်းဒါရိုက်တာ၊ ဦးပိုင်အမှတ်(၁/က)၊ မြေကွက်အမှတ်(၇၊ ၂၁၊ ၂၂၊ ၂၃၊ ၂၈၊ ၂၉)၊ အမှတ်(၉၉၈/က)၊ ကလီထော်အရှေ့ရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ delatamatemyanmar2023@gmail.com၊09-441212227,09-426216318 ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်မှာ ကုန်ကြမ်းရယူခြင်း၊ သားရေဖြတ်ခြင်း၊ ညှပ်ခြင်း၊ တွဲဆက်ချုပ်လုပ်ခြင်း၊ ဇစ်/သော့/ ကြယ်သီးတပ် ဆင်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ကုန်ကြမ်းများကို တရုတ်နိုင်ငံမှ တင်သွင်းမည်ဖြစ်ပြီး ကုန်ချောအဖြစ် လက်ကိုင်အိတ်များနှင့် အသေးစားသားရေကုန်ပစ္စည်းများကို ပြည်တွင်းလုပ်သားဦးရေ(၂၆၅၈)ဦးနှင့် ပြည်ပနိုင်ငံသားဦးရေ(၃၃)ဦးတို့ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ထွက်ရှိလာသော ကုန်ချောများကို လော့အိန်ဂျလိစ်(USA)၊ ဩစတေးလျ၊ ဟောင်ကောင်၊ စင်ကာပူ၊ အီတလီ၊ စပိန်နှင့် ပိုလန်နိုင်ငံများသို့ တင်ပို့သွားမည် ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်း၏ အဓိကကုန်ကြမ်းမှာ သားရေများ (PVC leather, PU leather, Polyester Lining)၊ နိုင်လွန်ဇစ်၊ သတ္တုဇစ်၊ ဇစ်အပိတ်၊ လက်ကိုင်အိတ် များအတွက် အလှဆင်ပစ္စည်းများ၊ ပိုက်ဆံအိတ်များအတွက် အလှဆင်ပစ္စည်းများ၊ ချည်လုံး များ၊ လိုင်နင်များ၊ အစွန်းသုတ်ဆေး၊ ကတ်ထူစက္ကူပြား၊ ရေမြှုပ်၊ SL PVC သားရေ၊ အစာသွပ်ထည့်ရန် စက္ကူ၊ ပုံး၊ ကုန်အမှတ်တံဆိပ်၊ ပလတ်စတစ်အိတ်၊ တိပ် စသည့်ဆက်စပ်ပစ္စည်းများကို တရုတ်နိုင်ငံမှ တင်သွင်းမည်ဖြစ်ပါသည်။ ရေသုံးစွဲမှုအနေဖြင့် စက်ရုံဝန်းအတွင်း(၄)လက်မအကျယ်ရှိ ရေတွင်းမှ ရယူပြီး ရေသိုလှောင်ကန်တွင် သိုလှောင်၍ အထွေထွေသုံးရေပမာဏမှာ တစ်ရက်လျှင်(၉,၂၇၀) ဂါလန်နှင့် သောက်သုံးရေတစ်ရက်လျှင်(၆၄၈၅.၂၈)ဂါလန်ခန့် သုံးစွဲခြင်း၊ စွမ်းအင်အသုံးပြုမှုအနေဖြင့်


(1,500)KVA via 230/33 kV လျှော်ကားထရန်စဖော်မာမှ ရယူမည်ဖြစ်ပြီး(759) KVA ဂျင်နရေတာ(၃)လုံး၊ (60)KVA kW နှင့် (5.28) kW ခန့်သုံးစွဲခြင်း၊ ဂျင်နရေတာလည်ပတ်ရန် တစ်နှစ်လျှင် (၁၅,၈၆၉.၇၈) လီတာခန့်၊ ကားအတွက်(၁၅၈,၂၃၉)လီတာနှင့် ဓာတ်ဆီ(၂၂,၉၂၀.၇၅) လီတာအား အသုံးပြုသွားမည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ ။** အဆိုပြုစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ရွာ၊ အမှတ်(၉၉၈/က)၊ မြေကွက်အမှတ်(၇၊ ၂၁၊ ၂၂၊ ၂၃၊ ၂၈၊ ၂၉)၊ ဦးပိုင်အမှတ် (၁/က)တွင် တည်ရှိပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ရွာ၊ အမှတ်(၉၉၈/က)၊ မြေကွက်အမှတ် (၇၊ ၂၁၊ ၂၂၊ ၂၃၊ ၂၈၊ ၂၉)၊ ဦးပိုင်အမှတ် (၁/က)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် Delta Mate Myanmar Co.,Ltd ၏ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းတည်နေရာပြမြေပုံ**



ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ရွာ၊ အမှတ်(၉၉၈/က)၊ မြေကွက်အမှတ် (၇၊ ၂၁၊ ၂၂၊ ၂၃၊ ၂၈၊ ၂၉)၊ ဦးပိုင်အမှတ် (၁/က)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် Delta Mate Myanmar Co.,Ltd ၏ CMPစနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan





**LAYOUT PLAN**

Scale...1:1500


ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ရွာ၊ အမှတ်(၉၉၈/က)၊ မြေကွက်အမှတ်
(၇၊ ၂၁၊ ၂၂၊ ၂၃၊ ၂၈၊ ၂၉)၊ ဦးပိုင်အမှတ်(၁/က)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်
Delta Mate Myanmar Co.,Ltd ၏ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းမှ
လက်ကိုင်အိတ်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်

**For Handbag,**



**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ရွာ၊ အမှတ်(၉၉၈/က)၊ မြေကွက်အမှတ် (၇၊ ၂၁၊ ၂၂၊ ၂၃၊ ၂၈၊ ၂၉)၊ ဦးပိုင်အမှတ် (၁/က)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် Delta Mate Myanmar Co.,Ltd ၏ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းမှ အသေးစားသားရေကုန်ပစ္စည်းများထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်**

**For Small Leather Goods,**



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက Delta Mate Myanmar Co.,Ltd ၏ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ရွာ၊ အမှတ်(၉၉၈/က)၊ မြေကွက်အမှတ်(၇၊ ၂၁၊ ၂၂၊ ၂၃၊ ၂၈၊ ၂၉)၊ ဦးပိုင်အမှတ်(၁/က)ရှိ မြေဧရိယာ(၅)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၃၁-၈-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ နပတ/၁/၁/ ၃၀ (၁၀၄၈(ခ)/၂၀၂၂)ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့် သက်ဆိုင်သည့် အခြားဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်မှာ ကုန်ကြမ်းရယူခြင်း၊ သားရေဖြတ်ခြင်း၊ ညှပ်ခြင်း၊ တွဲဆက်ချုပ်လုပ်ခြင်း၊ ဇစ်/သော့/ ကြယ်သီးတပ်ဆင်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ကုန်ကြမ်းများကို တရုတ်နိုင်ငံမှ တင်သွင်းမည်ဖြစ်ပြီး ကုန်ချောအဖြစ် လက်ကိုင်အိတ်များနှင့် အသေးစားသားရေကုန်ပစ္စည်းများကို ပြည်တွင်းလုပ်သားဦးရေ(၂၆၅၈)ဦးနှင့် ပြည်ပနိုင်ငံသားဦးရေ(၃၃)ဦးတို့ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ထွက်ရှိလာသော ကုန်ချောများကို လော့အိန်ဂျလိစ် (USA)၊ ဩစတေးလျ၊ ဟောင်ကောင်၊ စင်ကာပူ၊ အီတလီ၊ စပိန်နှင့် ပိုလန်နိုင်ငံများသို့ တင်ပို့သွားမည် ဖြစ်ပါသည်။

(ဂ) **လေထုညစ်ညမ်းမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးလုပ်ငန်းစဉ်များမှ အခိုးအငွေ့နှင့် အမှုန်အမွှားထွက်ရှိမှုများကို လျှော့ချရန် လုပ်ငန်းသုံးယာဉ်များမောင်းနှင်ရာတွင် အရှိန်ကန့်သတ်ထားခြင်း၊ ယာဉ်များနှင့်စက်ပစ္စည်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန်နှင့် လေအရည်အသွေးတိုင်းတာခြင်းများ ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းလည်ပတ်သည့်နေရာတွင် လစဉ် လေအရည်အသွေးတိုင်းတာခြင်းများ ဆောင်ရွက်ရန်နှင့် စက်ရုံပြင်ပတွင် (၄)လလျှင်တစ်ကြိမ် လေအရည်အသွေး တိုင်းတာခြင်းများ ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်အတွင်း လုံလောက်သော ပန်ကာများနှင့် ကောင်းမွန်သော လေဝင်/လေထွက်စနစ်များ တပ်ဆင်ဆောင်ရွက်ရန်၊

(၄) ဝန်ထမ်းများအတွက် တစ်ကိုယ်ရည်သုံး ကာကွယ်ရေးပစ္စည်း(PPEs)များ ထောက်ပံ့ပေးထားရန်၊

(၅) ဆောက်လုပ်ရေးသုံး စွန့်ပစ်ပစ္စည်းများ၊ သစ်ပင်သစ်ကိုင်းများ၊ အခြား ပစ္စည်းများအား လုပ်ငန်းခွင်အတွင်း စုပုံမီးရှို့ခြင်းများ တားမြစ်ရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံလျှော့ချရန်အတွက် စက်ကိရိယာများကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်သွားရန်၊

(၂) ဆူညံသံထွက်ရှိမှု လျော့နည်းသည့် စက်ကိရိယာများ ရွေးချယ်အသုံးပြုရန်၊

(၃) ဆူညံသံထွက်ရှိမှုများသော နေရာများတွင် အလုပ်လုပ်သော ဝန်ထမ်းများ အတွက် နားကြပ်များ ဝတ်ဆင်စေရန်၊

(၄) လုပ်ငန်းလည်ပတ်သည့်နေရာတွင် ဆူညံသံတိုင်းတာခြင်းများ ပုံမှန် ဆောင်ရွက်ရန်။

(င) **အနံ့စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်း၊ ကုန်ချောများ သိုလှောင်သိမ်းဆည်းသည့် နေရာများတွင် လုံလောက်သော လေဝင်/လေထွက်စနစ်ကို ကောင်းမွန်အောင် ဆောင်ရွက်ရန်၊

(၂) Toilets များအား သင့်လျော်သော မိလ္လာရေဆိုးစွန့်ပစ်သည့်စနစ် ထားရှိရန်နှင့် ပုံမှန်စစ်ဆေးရန်။

(စ) **စွမ်းအင်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဒီဇယ်ဂျင်နရေတာ သုံးစွဲမှုအား အနည်းဆုံး ဆောင်ရွက်ရန်၊

(၂) အလိုအလျောက်ထိန်းချုပ်သည့် အလင်းစနစ်များ အသုံးပြုရန်၊

(၃) လျှပ်စစ်သုံးစွဲမှုကိုလျှော့ချရန် LED မီးလုံးများဖြင့် အစားထိုး အသုံးပြုသွားရန်။

(ဆ) **စွန့်ပစ်ရေစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံမှရေဆိုးစွန့်ပစ်သည့်နေရာတွင် (၄)လလျှင်တစ်ကြိမ် ရေ အရည်အသွေး တိုင်းတာခြင်းများ ဆောင်ရွက်ရန်၊

(၂) သောက်သုံးရေအတွက် Water Treatment Plant အား နှစ်စဉ် ခေတ်ခွဲ စမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်ရန်၊

(၃) Septic tank အား ပြုပြင်ထိန်းသိမ်းခြင်းနှင့် လစဉ် စစ်ဆေးဆောင်ရွက်ရန်၊

(၄) အိတ်ထုတ်လုပ်ခြင်းလုပ်ငန်းသည် အခြားသောစက်ရုံများကဲ့သို့ ရေအများ အပြားသုံးစွဲမှု မရှိခြင်းနှင့် ရေဆိုးထုတ်လုပ်မှုသည် ဝန်ထမ်းများ နေ့စဉ်ဆေးကြော သန့်စင်ရန် အသုံးပြုသည့် ရေများသာဖြစ်ခြင်း၊ စက်ရုံမှထွက်ရှိသော ရေဆိုး များအား စည်ပင်သာယာရေးနည်းဥပဒေများနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့်အညီ ထုတ်လွှတ်ရန်။

(ဓ) **စွန့်ပစ်အစိုင်အခဲစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား စနစ်တကျ သိုလှောင်စွန့်ပစ်ရန် အမှိုက်ပုံးများ စီစဉ်ပေးခြင်း၊

(၂) ကတ်ထူဘူးခွံများ၊ သံဘူးခွံများအား ဒေသတွင်း ပြန်လည်အသုံးပြုမည့် သူများထံ ရောင်းချရန်၊

(၃) ချည်များ၊ သားရေဖြတ်စများအား စွန့်ပစ်ပစ္စည်း ယာယီသိုလှောင်သည့်နေရာတွင် ခွဲခြားစွန့်ပစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၄) အမှိုက်ပုံးများအား သန့်ရှင်းခြင်း၊ ပိုးသတ်ဆေးဖြန်းခြင်း၊ ဝန်ထမ်းများအား အသိပညာပေး အစီအစဉ်များ ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲခြား၍ ပြန်လည်အသုံးပြုနိုင်ပါက ပြန်လည် အသုံးပြုရန်နှင့် အသုံးပြုပြီးသည့် ကော်ဘူးများအား သီးခြားအမှိုက်အိတ်များဖြင့် ခွဲခြားစွန့်ပစ်ရန်၊

(၆) စွန့်ပစ်ပစ္စည်းအစိုင်အခဲများ ကိုင်တွယ်စွန့်ပစ်သည့် နည်းလမ်းများကို ဝန်ထမ်း များအား အသိပညာပေးအစီအစဉ်များ လေ့ကျင့်သင်ကြားပေးရန်နှင့် ကုမ္ပဏီ အနေဖြင့် သင့်လျော်သည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလမ်းညွှန်ချက် ထုတ်ပြန်ပြီး အလုပ်သမားများ၊ ဝန်ထမ်းများအား လေ့ကျင့်ဆောင်ရွက်စေရန်။

( န) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ပတ်သက်၍ လုပ်ငန်း လည်ပတ်စဉ် စက်ပစ္စည်းများ အသုံးပြုရာတွင် ဘေးအန္တရာယ်ကာကွယ်ခြင်း နည်းလမ်းများနှင့်အညီ ဆောင်ရွက်စေရန်၊

(၂) စက်ကိရိယာများအား ထုတ်လုပ်သူ လမ်းညွှန်ချက်နှင့်အညီ ပုံမှန်စစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းရန်၊

(၃) စက်ကိရိယာများအား လည်ပတ်ဆောင်ရွက်ရာတွင် လုံလောက်သော အကွာအဝေး ထားရှိရန်၊

(၄) ဝန်ထမ်းများအား စက်ကိရိယာ အသုံးပြုနည်းများအား ကျွမ်းကျင်သူထရိန်နာများဖြင့် လေ့ကျင့်သင်ကြားပေးရန်၊

(၅) စက်ရုံတွင် ဆေးပေးခန်းထားရှိရန်၊ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများအား လုပ်ငန်းခွင်ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးထားရန်၊

(၆) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိပြီး အဖွဲ့ဝင်များနှင့် တာဝန်ဝတ္တရားများအား ဖော်ပြထားရန်၊

(၇) ရှေးဦးသူနာပြုစုနည်း သင်တန်းများအား အခါအားလျော်စွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ချိတ်ဆက်လေ့ကျင့် သင်ကြားပေးရန်၊

(၈) လူမှုဖူလုံရေးနှင့် ချိတ်ဆက်၍ စက်ရုံလုပ်သားများ၏ ကျန်းမာရေးအား အခမဲ့စစ်ဆေးပေးရန်။

(ည) **အရေးပေါ် တုန့်ပြန်ရေးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သဘာဝဘေးအန္တရာယ်များဖြင့် ရုတ်တရက် ကြုံတွေ့လာပါက အရေးပေါ်ထွက်ပေါက်များ ထားရှိ၍ ဆိုင်းဘုတ်များ တပ်ဆင်ထားရန်၊ လျှောက်လမ်းများအား ရှင်းလင်းထားပြီး မြင်သာအောင် မျဉ်းကြောင်းများ ရေးဆွဲထားရန်နှင့် စက်ရုံတံခါးများအား အတွင်းဖွင့်များဖြင့် ထားရှိပေးခြင်း၊ အရေးပေါ်စုရပ်ထားရှိရန်၊

(၂) လုပ်ငန်းလည်ပတ်စဉ်ကာလတွင် မီးဘေးကာကွယ်ရေးအစီအစဉ်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြပုံများ၊ မီးငြိမ်းသတ်ရေးဆိုင်ရာ နည်းလမ်းများ ရေးဆွဲပေးထားရန်၊

(၃) စက်ရုံတွင်း မီးသတ်ဆေးဘူးများ၊ မီးသတ်ပိုက်ရစ်လုံးများ၊ အလိုအလျောက်မီးငြိမ်းသတ်စက်များအား အခန်းဧရိယာအလိုက် ထားရှိပေးရန်၊

(၄) မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ (၆)လလျှင်တစ်ကြိမ် အရေးပေါ်မီးငြိမ်းသတ်ရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး သင်တန်းများကို စက်ရုံလုပ်သားများအား သင်တန်းပေး ဆောင်ရွက်ရန်၊

(၅) အရေးပေါ်အခြေအနေများတွင် ဆက်သွယ်နိုင်ရန် စက်ရုံမှ တာဝန်ရှိသူများနှင့် အစိုးရဌာနများ၏ လိပ်စာနှင့်ဖုန်းနံပါတ်များကို အများမြင်သာသည့် နေရာတွင် ချိတ်ဆွဲထားရန်။

(ဠ) **လုပ်ငန်းလည်ပတ်သည့်ကာလ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံပြင်ပတွင် လေထုအရည်အသွေးတိုင်းတာခြင်းနှင့် ပတ်သက်၍ အမှုန်အမွှား(PM)နှင့် အခိုးအငွေ့ထွက်ရှိမှုတို့အား (၄)လလျှင်တစ်ကြိမ် တိုင်းတာရန်၊

(၂) လုပ်ငန်းခွင်အတွင်း လေထုအရည်အသွေးတိုင်းတာခြင်းနှင့်ပတ်သက်၍ အမှုန်အမွှား(PM)နှင့် အခိုးအငွေ့ထွက်ရှိမှုတို့အား လစဉ် တိုင်းတာရန်၊

(၃) စက်ရုံမှ နောက်ဆုံးရေဆိုးစွန့်ပစ်သည့် နေရာတွင် ရေအရည်အသွေးတိုင်းတာရန် Turbidity, pH, DO, BOD, oil and grease စသည့် Parameters များအား (၄)လလျှင် တစ်ကြိမ် ဆောင်ရွက်ရန်၊

(၄) သောက်သုံးရေအတွက် Water treatment plant အား နှစ်စဉ် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်ရန်၊

(၅) ဆူညံသံ dBA ကို လုပ်ငန်းခွင်အတွင်း တစ်နှစ်လျှင် (၂)ကြိမ်၊ စက်ရုံနယ်နိမိတ်တွင် နှစ်စဉ် တိုင်းတာရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလတွင် အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား အပတ်စဉ်၊ လစဉ်စစ်ဆေးရန်နှင့် လုပ်ငန်းလည်ပတ်စဉ်ကာလတွင် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းနှင့်အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား အပတ်စဉ်၊ လစဉ်စစ်ဆေးရန်၊

(၂) လုပ်ငန်းလည်ပတ်စဉ်ကာလတွင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအား လစဉ် စစ်ဆေးရန်၊ စိုထိုင်းဆနှင့် အခန်းအပူချိန်တို့အား နေ့စဉ် စစ်ဆေးရန်၊

(၃) မီးဘေးအန္တရာယ်များကို အခါအားလျော်စွာ စောင့်ကြပ်ကြည့်ရှုရန်နှင့် မီးဘေးအန္တရာယ်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ထောက်ခံချက်များ နှစ်စဉ်ရယူရန်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ရေးအစီအစဉ်များအတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းအား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကိစ္စရပ်များဆောင်ရွက်ရာတွင် လူမှုရေးဆိုင်ရာ တာဝန်သိလုပ်ငန်းများ(CSR) အတွက် နှစ်စဉ်အမြတ်ငွေ၏(၂)ရာခိုင်နှုန်းကို သုံးစွဲသွားရန်နှင့်စီမံကိန်းအကောင်အထည်ဖော်

ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါအတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် လျာထားရန်ပုံငွေကျပ်(၉၁,၅၀၀,၀၀၀) သုံးစွဲရန်၊

(၂) ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နှစ်စဉ်အမြတ်ငွေ၏(၂% )အား သုံးစွဲရန်။

(တ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စီမံကိန်းပိတ်သိမ်းခြင်းကာလအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် လျော့ပါးစေရေးအတွက် အောက်ပါနည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းပိတ်သိမ်းချိန်တွင် ဆောင်ရွက်ရမည့် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအား ထည့်သွင်းစဉ်းစားရန်၊

(၂) စီမံကိန်းပိတ်သိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်၊

(၃) စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လ ကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသား အဆင့်

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှင်လျှပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ်(၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ်၁.၂ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံး လက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှု တစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက်တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသောမတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအားအလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့်ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့်

ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီး ကာလဟူသည့် စီမံကိန်းအဆင့် အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီးကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ(၁၀)ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက်(၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက

ထင်မြင်ယူဆ လျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဈ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ(၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့် နေ့မှရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည် ဖော်နိုင်ရန် အချိန်ကာလ

မည့်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး(၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်း မရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည်

ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၃၀နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---